ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စာအမှတ် ၁၁၄၅၇
ရက်စွဲ ၂၃-၅-၁၆
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်ကြော်ငြာစာ</u>

အမှတ်၊ ၁၀၇ /၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်)

အကြောင်းအရာ။ **ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော ဝန်ဆောင်မှု အမျိုးအစားများနှင့် ပတ်သက်သည့် သတ်မှတ်ချက်များ ထုတ်ပြန်ခြင်း**

၁။ ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ၂၅.၁.၂၀၁၆ ရက်စွဲပါ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုပြဋ္ဌာန်းချက်အရ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ) ပါ ဝန်ဆောင်မှု(၂၉) မျိုးမှအပ ကျန်ရှိသည့် ဝန်ဆောင်မှုများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည်ဖြစ်ပါသည်။

၂။ အဆိုပါ အခွန်မကျသင့်သည့် ဝန်ဆောင်မှု (၂၉)မျိုးနှင့် ပတ်သက်၍ အဓိပ္ပာယ်ရှင်းလင်းစွာ သိရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းအား ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ)ပါ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစား(၂၉) မျိုးတွင် အကျုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားများအနက် ရှင်းလင်းရန်လိုအပ်သည့် အမျိုးအစား(၂၃) မျိုးအား အောက်ပါအတိုင်း ရှင်းလင်းဖော်ပြပါသည်-

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁။ | ၁ | စီးပွားရေးလုပ်ငန်းအဖြစ် နေအိမ် ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ အပဖြစ်သည့် နေအိမ်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ | နေအိမ်ကိုငှားရမ်းခြင်း(Housing Rent) လုပ်ငန်း ဖြစ်သည်။ ( စီးပွားရေးလုပ်ငန်းများ အလို့ငှာ နေအိမ်များ၊ လူနေခန်းများ၊ အဆောက်အအုံများ ဆောက်လုပ်ငှားရမ်းသည့် ( Business Rent) လုပ်ငန်းများ ပါဝင်ခြင်းမရှိပါ။) |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၂။ | ၂ | ယာဉ်များ ရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ | မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး အစရှိသည့် ယာဉ်များရပ်နားရန် နေရာပေး ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ် ပါသည်။ (ယာဉ်အရောင်းပြခန်းနေရာ ငှားရမ်းခြင်း၊ ယာဉ်သိမ်းဆည်းရန် ဂိုဒေါင်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ခြင်းမရှိပါ။ ) |
| ၃။ | ၃ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ | အာမခံလုပ်ငန်းများအနက်မှ အသက်အာမခံ ဝန်ဆောင်မှု လုပ်ငန်းအတွက်သာ ဖြစ်ပါသည်။ |
| ၄။ | ၄ | အသေးစားငွေချေးခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ | သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ဆောင်ရွက်သည့် အသေးစားငွေချေး လုပ်ငန်းများ၊ လိုင်စင်ရ အပေါင်ဆိုင်လုပ်ငန်းများ ပါဝင်ပါသည်။ |
| ၅။ | ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှ အပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ | ဆေးကုသခန်း၊ဓာတ်ခွဲခန်း၊ ရောဂါရှာဖွေရေး လုပ်ငန်းများပါဝင်ပါသည်။ ( ခန္ဓာကိုယ်အလှပြင်ခွဲစိတ်လုပ်ငန်း၊ ကျန်းမာရေးလေ့ကျင့်မှု လုပ်ငန်းများမပါဝင်ပါ။) |
| ၆။ | ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ | ပုဂ္ဂလိက အပါအဝင်ဖြစ်သည့် စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘာသာရပ်ဆိုင်ရာသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများလည်းပါဝင်ပါသည်။ |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၇။ | ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ ( မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ စက်ယန္တရားများဖြင့် သယ်ပို့ပေးခြင်း။) | ကုန်စည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ကုန်သေတ္တာထဲတွင်ကုန်စည်များထည့်၍ သယ်ယူပို့ဆောင်သည့်လုပ်ငန်းများ၊ လေဆိပ်၊ ရေဆိပ်များတွင် ယာဉ်ပေါ်မှ ကုန်စည်များ တင်ချ ရွှေ့ပြောင်းပေးသည့် လုပ်ငန်းများလည်း ပါဝင်ပါသည်။ |
| ၈။ | ၈ | အလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်း။ | ပြည်တွင်းပြည်ပ အလုပ်အကိုင်များ အတွက် ရှာဖွေပေးခြင်းဆိုင်ရာ လုပ်ငန်းများပါဝင်ပါသည်။ |
| ၉။ | ၉ | အရင်းအနှီး ဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးသော စတော့ရှယ်ယာ များနှင့်သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသည်။ |
| ၁၀။ | ၁၀ | ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ | ဘဏ်မှဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပါသည်။ |
| ၁၁။ | ၁၁ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း။ | ပြည်ပမှ တင်သွင်းလာသော ကုန်စည်များ၊ ပြည်ပသို့ တင်ပို့သော ကုန်စည်များအတွက် အကောက်ခွန်ဆိုင်ရာ ရှင်းလင်းရေးလုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်ကို သတ်မှတ်ထားသော အရည်အချင်းပြည့်မီ၍ လုပ်ကိုင်ခွင့်ရရှိပြီး ဆောင်ရွက်သောလုပ်ငန်းများကို ဆိုလိုသည်။ |
| ၁၂။ | ၁၂ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ | ဧည့်ခံကျွေးမွေးရေးနှင့်ဆိုင်သည့် အခမ်းအနား အတွက် ပစ္စည်းများငှားရမ်းခြင်းဆိုင်ရာ လုပ်ငန်းများသာပါဝင်ပါသည်။ (လက်ဝတ်လက်စားငှားရမ်းခြင်း၊ အခမ်းအနားပြင်ဆင်ပေးခြင်းလုပ်ငန်းများ မပါဝင်ပါ။) |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁၃။ | ၁၃ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့်ဝန်ဆောင်မှု လုပ်ငန်းများ။ | CMP လုပ်ငန်းများ၊ နဝလီလက်ခစားလုပ်ငန်းများပါဝင်ပါသည်။ (အမှန်တကယ်ကုန်ကြမ်းပေး၍ ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများသာအကျုံးဝင်သည်။ ကုန်ကြမ်းဖိုးပေးချေ၍ ဆောင်ရွက်ခြင်းများ အကျုံးဝင်ခြင်းမရှိပါ။) |
| ၁၄။ | ၁၄ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ | နာရေးကိစ္စရပ်များအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံး အကျုံးဝင်သည်။ |
| ၁၅။ | ၁၅ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ | ကျောင်းနေအရွယ် မရောက်သေးသည့် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ကလေးထိန်းလုပ်ငန်းများ ဖြစ်ပါသည်။ |
| ၁၆။ | ၁၆ | မြန်မာရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း /မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ | မြန်မာရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း /မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်းများ အပြင် တိုင်းရင်းရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပါသည်။ |
| ၁၇။ | ၁၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | နေအိမ်ရွှေ့ပြောင်းခြင်း၊ နေအိမ်ပရိဘောဂများ အသုံးအဆောင်များ၊ ရွှေ့ပြောင်းသယ်ဆောင်ပေးခြင်း၊ သယ်ချပေးခြင်း၊ နေရာချထားပေးခြင်းလုပ်ငန်းများ ဖြစ်ပါသည်။ |
| ၁၈။ | ၁၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ | လမ်း၊ တံတား အသုံးပြုခ ကောက်ခံသည့် လုပ်ငန်းများ ပါဝင်သည်။ |
| ၁၉။ | ၁၉ | တိရစ္ဆာန် ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ | တိရစ္ဆာန် ဆေးကုသခြင်းလုပ်ငန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း လုပ်ငန်းများ ပါဝင်ပါသည်။ |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၂၀။ | ၂၁ | ပြည်ပလေကြောင်းခရီးသည် ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ | ပြည်ပပုံမှန် ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ရောင်းချခြင်းလုပ်ငန်းနှင့်ခရီးသည် လေဆိပ်ခန်းမ အသုံးပြုခြင်းသည် လေဆိပ်ခန်းမအသုံးပြုခဟု သီးခြားတောင်းခံငွေမရှိသည့် ခရီးသည်လေဆိပ်ခန်းမ အသုံးပြုခြင်း ဝန်ဆောင်မှုလုပ်ငန်းတို့ပါဝင်သည်။ ( စင်းလုံးငှားလေယာဉ်ဖြင့် ပြည်ပသို့ကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမပါဝင်ပါ။) |
| ၂၁။ | ၂၂ | ယဉ်ကျေးမှု အနုပညာဝန်ဆောင်မှုလုပ်ငန်း။ | ယဉ်ကျေးမှုဆိုင်ရာနေရာများ၊ ပြတိုက်၊ စာကြည့်တိုက်များအတွင်း ဝင်ခကောက်ခံခြင်း၊ မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် သရုပ်ဆောင်ခြင်း၊ ဆောင်ရွက်ပေးခြင်းတို့ပါဝင်သည်။ ( ဖျော်ဖြေမှုလုပ်ငန်းများ မပါဝင်ပါ။) |
| ၂၂။ | ၂၃ | အများပြည်သူ ခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ ( ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော )။ | ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော၊ ကြို/ပို့ယာဉ်၊ ခရီးသည်တင်ရေယာဉ်၊ ဘုရားဖူးယာဉ်၊ ကျောင်းသား၊ ဝန်ထမ်းကြို/ ပို့ယာဉ်များဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအားလုံးပါဝင်သည်။ ( စင်းလုံးငှားယာဉ်လုပ်ငန်းများ၊ ပြည်တွင်းလေကြောင်းခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မပါဝင်ပါ။) |
| ၂၃။ | ၂၄ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ | အစိုးရဌာနအသီးသီးသို့ ကောက်ခံဥပဒေအရ ပေးချေရသည့် လိုင်စင်ကြေး (Fees) များ ပါဝင်ပါသည်။ |

၄။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို အခွန်ထမ်းဆောင်ရမည့် အခွန်ထမ်းပြည်သူများ ရှင်းလင်းစွာသိရှိနိုင်ရေးအတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးများမှ စဉ်ဆက်မပြတ်အခွန်ဆိုင်ရာပညာပေး ဝန်ဆောင်မှုဆောင်ရွက်လျက် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရန်နှင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ် အခွန်ဦးစီးဌာနမှူးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးတို့က အနီးကပ်ကြီးကြပ်၍ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄ (ဃ) ပါကုန်သွယ်လုပ်ငန်းခွန်မကျသင့်သော ဝန်ဆောင်မှုအမျိုးအစားများနှင့်ပတ်သက်၍ အထက်ဖော်ပြပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန် ညွှန်ကြားပါသည်။

၅။ ဤအမိန့်ကြော်ငြာစာသည် ၁.၄.၂၀၁၆ ရက်နေ့မှစတင်အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/၃/၁ (၄၃၀၆/၂၀၁၆)
ရက် စွဲ ၊ ၂၀၁၆ ခု နှစ် မေ လ ၁၈ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီရုံး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိဌာနအဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | (မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းပေးနိုင်ပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။) |
| ရုံးလက်ခံ၊ ဌာနခွဲများအားလုံး<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်<br>စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) | ညီနောင်အသင်းသားများအား ထပ်မံဖြန့်ဝေပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |

အမိန့်အရ

(မောင်မောင်ဝင်း)
အမြဲတမ်းအတွင်းဝန်